City of Battle Creek, City Hall, 10 N Division Street, Battle Creek, MI 49014

**အိမ်ယာမြေ ပိုင်ရှင်တိုင်း သိထားသင့်သည့် သို့မဟုတ် မေးသင့်သည့် အရာများ**

**(WHAT EVERY PROPERTY OWNER SHOULD KNOW OR ASK)**

အောက်ပါ သတင်းအချက်အလက်များသည် Battle Creek မှ ကြီးကြပ်ထားသော အိမ်ယာမြေဝန်ဆောင်မှုများနှင့် ပတ်သက်၍ လက်ရှိ အိမ်ယာမြေပိုင်ရှင် သို့မဟုတ် အလားအလာရှိသည့် ဝယ်ယူသူများအား ပံ့ပိုးကူညီနိုင်ရန် ရည်ရွယ်ထားပါသည်။

**မသက်ဆိုင်ကြောင်းရှင်းလင်းချက်** - ဤသည်မှာ ပြီးပြည့်စုံသောစာရင်း မဟုတ်သလို ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော အချက်အလက်များအားလုံးကို ထည့်သွင်းဖော်ပြရန် သို့မဟုတ် အသုံးပြုရန် မလိုအပ်ပါ။ ဤအချက်အလက်များသည် သဘောတူစာချုပ် ချုပ်ဆိုရာတွင် အသုံးပြုရန် ရည်ရွယ်ထားခြင်း မဟုတ်သလို ကြိုတင် အသိပေးခြင်းမျိုး မပြုလုပ်ဘဲလည်း ပြောင်းလဲမှု ပြုနိုင်သည့် သတင်းအချက်အလက် ဖြစ်ပါသည်။

## အကဲဖြတ်ခြင်း (ASSESSING) — Room 112-(269) 966.3369

အကဲဖြတ်ရေးဌာနသည် မြို့တော်အတွင်းရှိ အိမ်ယာမြေပေါင်း ၂၅၀၀၀ ခန့်အတွက် ပိုင်ဆိုင်မှု၊ လိပ်စာ၊ အဓိကနေထိုင်ခွင့်၊ ကင်းလွတ်ခွင့်များ၊ ရောင်းဝယ်မှု၊ မြေနှင့် အဆောက်အဦး၏ အသေးစိတ်အချက်အလက်များကို ထိန်းသိမ်းရန် တာဝန် ရှိပါသည်။

**အိမ်ယာမြေ ပိုင်ရှင်များအားလုံး *(ALL PROPERTY OWNERS)***

- လက်ရှိစာတိုက်မှ ပေးပို့နိုင်သည့် လိပ်စာကို အတည်ပြုပါ။
- ပိုင်ဆိုင်မှုမှတ်တမ်းကတ်တွင် ပါရှိသည့် အချက်အလက်များကို အတည်ပြုပါ။
- သင်သည် အိမ်ယာမြေများကို ခွဲခြမ်းရန် သို့မဟုတ် ပေါင်းစပ်လိုပါသလား။ သို့ဆိုလျှင်၊ split/combo လျှောက်လွှာကိုဖြည့်ပါ။ PLANNING & ZONING ကိုလည်းကြည့်ပါ။

**အိမ်ယာမြေ ပိုင်ရှင်သစ်များ *(NEW PROPERTY OWNERS)***

- သင့်အနေဖြင့် ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်/ ကျမ်းကျိမ်လွှာကို ဖြည့်စွက်ထားကြောင်း သေချာစေပါ။
- သင့်တွင် မှတ်တမ်းတင်မထားသော မြေယာစာချုပ်တစ်ခုခုရှိပါက၊ ကျေးဇူးပြု၍ စီမံဆောင်ရွက်မှု ရှိကြောင်း ပြထား သည့်စာမိတ္တူကို တင်ပြပါ။
- အိမ်ယာမြေတွင် သင်ဝင်ရောက်နေထိုင် မည်လား။ နေထိုင်မည် ဆိုပါက အမြဲတမ်းနေထိုင်သူ၏ အခွန်ကင်း လွတ်ခွင့် (Principal Residence Exemption) ကို တင်သွင်းရန် သေချာပါစေ။ နေထိုင်မည် မဟုတ်ပါက အောက်တွင် ဖော်ပြထားသော CODE COMPLIANCE ကို ကြည့်ပါ။
- သင့်ပိုင်ဆိုင်မှုအဟောင်းအတွက် အမြဲတမ်းနေထိုင်သူအဖြစ်မှ ရုတ်သိမ်းခြင်းဖောင် (principal Residence Rescind) ကို သင်တင်သွင်းခဲ့ ပါသလား။

## ကုဒ်စည်းကမ်းလိုက်နာမှု နှင့် စစ်ဆေးခြင်း (CODE COMPLIANCE and INSPECTIONS) Room 117-(269) 966.3387

Battle Creek မြို့ ၏ Code Compliance Division သည် အိမ်ယာမြေ ပျက်သုဥ်းခြင်းဆိုင်ရာ စည်းမျည်း ဥပဒေများကို ပြဌာန်းဆောင်ရွက်ပါသည်။

၎င်းတွင် အနိမ့်ဆုံး ကုဒ်စံနှုန်းများအတွက် ပိုင်ဆိုင်မှု ထိန်းသိမ်းခြင်း၊ လစ်လပ်/စွန့်ပစ်ထားသော အန္တရာယ်ရှိသော အဆောက်အအုံများ၊ အမှိုက်သရိုက်များ၊ အသုံးပြုမောင်းနှင်၍ မရသောယာဥ်များနှင့် ငှားရမ်းမှုအတွက် မှတ်ပုံတင် ခြင်းနှင့် စစ်ဆေးခြင်းတို့ ပါဝင်သည်။ ကျွန်ုပ်တို့ ရပ်ရွာ၏အသွင်အပြင်နှင့် ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းရန် ကုဒ် အရာရှိများသည် မြို့အနှံ့လုပ်ဆောင်ကြပါသည်။

Battle Creek မြို့၏ စစ်ဆေးရေးဌာနခွဲသည် အဆောက်အဦး ၊ လျှပ်စစ်၊ စက်နှင့် ရေပိုက်ဆက်သွယ်မှုဆိုင်ရာ ကုဒ်များ အပါအဝင် လူနေအိမ်နှင့် လူမနေတော့ဘဲ စွန့်ပစ်ထားသည့် အဆောက်အဦးများအားလုံးတွင် ပြည်နယ်ကုဒ်များကို ပြ ဌာန်း ထားပါသည်။

- အိမ်ယာမြေကို လက်ရောက်ရယူ၊ ဝယ်ယူ မည်လား။ မဟုတ်ပါက ငှားရမ်းမှုမှတ်ပုံတင်ခြင်းနှင့် စစ်ဆေးခြင်း လိုအပ်ပါသည်။
- အိမ်ယာမြေတွင် တရားဝင် နေထိုင်ခွင့် လက်မှတ်ရှိပါသလား။
- အိမ်ယာမြေတွင် ဥပဒေ ချိုးဖောက်မှုအတွက် ပေးဆောင်ရန် ကျန်နေသည့် အခကြေးငွေများ ရှိပါသလား။
  ဥပဒေ ချိုးဖောက်မှုအတွက် ပေးဆောင်ရန် ကျန်နေသည့် အခကြေးငွေများ ရှိလျှက်ပြင် ရောင်းချခဲ့ပါလျှင်၊ ပိုင်ရှင်နှင့် ဝယ်ယူသူတို့ အရောင်းအဝယ်ဖြစ်မြောက်ပြီး ၁၀ ရက်အတွင်း ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို တင်ပြရပါသည်၊
  ဥပဒေ ချိုးဖောက်မှုအတွက် ပေးဆောင်ရန် ကျန်နေသည့် အရာများအပေါ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ခွင့်ပြုချက် လိုအပ်ပါသလား၊
- အိမ်ယာမြေသည် လစ်လပ်စေမည့်အရာ/ စွန့်ပစ်မည့်အရာဖြစ်စေရန် လုပ်ဆောင်နေခြင်းရှိပါသလား၊ ရှိပါက နေထိုင်သူ ပိုင်ရှင် နေထိုင်ခဲ့သည့်ကာလ (Residential Owner Occupied) သည် -

  - ၆ လအောက်- စစ်ဆေးမှုပြုလုပ်ရန် မလိုအပ်ပါ၊ C of O ကို ပြန်လည်ထည့်သွင်းစဥ်းစားရပါမည်။
  - ၆ လ မှ ၂၄ လ- PM C - စစ်ဆေးမှုပြုလုပ်ရန် လိုအပ်သည်။
  - ၂၄ လကျော်- ပိုင်ရှင်မဟုတ်သည့် နေထိုင်သူများဖြစ်လျှင် safety inspection ပြုလုပ်ရန် လိုအပ်ပါသည်။
  - ၂ လမှ ၂၃ လအတွင်း PMC စစ်ဆေးမှုပြုလုပ်ရန် လိုအပ်သည်။
  - ၂၄ လကျော်- commercial မှ ပြုလုပ်သည့် safety inspection ပြုလုပ်ရန် လိုအပ်ပါသည်။
  - ၆ လမှ ၂၄ လ- PMC စစ်ဆေးမှုပြုလုပ်ရန် လိုအပ်သည်။
  - ၂၄ လ ကျော် - safety inspection ပြုလုပ်ရန် လိုအပ်ပါသည်။

**စီမံကိန်းနှင့် နယ်မြေသတ်မှတ်ခြင်း (PLANNING & ZONING)** **Room 117-(269) 966.3320**

စီမံကိန်းနှင့် နယ်မြေသတ်မှတ်ရေးဌာနသည် ပိုင်ဆိုင်မှုခွင့်ပြုထားသော အသုံးပြုမှုများအပါအဝင် မြေယာအသုံး ပြုမှုဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် ပတ်သက်သည့် အချက်အလက်များကို ဖြည့်ဆည်းပေးရန် တာဝန်ယူ ဆောင်ရွက်လျှက်ရှိပြီး အိမ်ယာမြေများ တိုးချဲ့ခြင်း၊ ကာရံခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ ရေကူးကန်များပြုလုပ်ခြင်း အစရှိသည်တို့ကို လုပ်ဆောင် ခွင့်ပြုထားပါသည်။ အဆောက်အဦး အမျိုးအစားအလိုက် ပြုပြင်မွမ်းမံခြင်း၊ အိမ်ယာမြေ (လူနေအိမ်များ နယ်ပယ်၊ စီးပွားရေးနယ်ပယ် စသည်ဖြင့်) တို့ကို ပြုပြင်မွမ်းမံ၊ တိုးချဲ့လိုပါက zoning မှခွင့်ပြုချက် ပေးထားပြီး လုပ်ဆောင်မှုကို အကောင်အထည် ဖော်နိုင်စေရန် ကျေးဇူးပြု၍ ဤဌာနကို ဆက်သွယ်ပါ။

- သင်လျှောက်ထားသည့် အိမ်ယာမြေသည် မည်သည့်အမျိုးအစား ဖြစ်သနည်း၊ ထိုနေရာတွင် နေထိုင်ရန် ခွင့်ပြု ထား ပါသလား။ မြို့တွင်းရှိ အိမ်ယာမြေတိုင်းသည် နယ်မြေ တစ်ခုအတွင်းတွင် ရှိကြသည်။ ခရိုင်တစ်ခုစီသည် ထိုခရိုင်အတွက် ခွင့်ပြုထားသော အသုံးပြုမှုများကို အကြမ်းဖျင်းဖော်ပြထားပြီး အိမ်ယာမြေတည်ရှိမှုသည် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည်ဟု မယူဆပါနှင့်။ သက်ဆိုင်မှုရှိပါက ထိုအိမ်ယာမြေနေရာတွင် လုပ်ဆောင်နိုင်မည့် စီးပွားရေးအမျိုးအစားများနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်း များအကြောင်းကို မေးမြန်းပါ။
- အဆောက်အဦး မွမ်းမံမှုပြုခြင်း- တိုးချဲ့ခြင်း၊ ကာရံခြင်း၊ ကားဂိုဒေါင်၊ ကားရပ်နားရန်နေရာများ၊ သွန်းလောင်းခြင်း၊ စသည်တို့ လုပ်ဆောင်ရန် အစီအစဉ် ရှိပါသလား။ သို့ဆိုလျှင် သင့်အနေဖြင့် မည်သည့်အရာ တည် ဆောက်လိုသည်ကို ဆုံးဖြတ်ပါ၊ ၎င်းကို ဤနေရာတွင် ထားရှိမည်ဖြစ်ပြီး၊ အသေးစိတ်အချက်အလက်များ (အမျိုးအစား၊ အမြင့်၊ စသည်ဖြင့်) နှင့် သင်စီစဉ်နေသည့်အရာကို နယ်မြေ သတ်မှတ်ခွင့်ပြုကြောင်း သေချာစေရန် စီမံကိန်းနှင့် နယ်မြေသတ်မှတ်ခြင်း **(**Planning/ Zoning) ကိုခေါ်ဆိုပါ။

**ဘဏ္ဍာရေး (TREASURER)** **Room 105-(269) 966.3325**

အိမ်ယာမြေ အခွန်ကောက်ခံစာကို နှစ်စဉ် ဇူလိုင်လနှင့် ဒီဇင်ဘာလတို့တွင် နှစ်ကြိမ် ကောက်ခံလေ့ရှိသည်။ အောက်ပါ အ ကြောင်းများကို မေးပါ။

- အကန့်အသတ်မရှိ ဖြစ်နိုင်ချေရှိသော အထူးအကဲဖြတ်မှု -
    - အဆိပ်သင့်သောပေါင်းပင်များ ခုတ်ထစ်ရှင်းလင်းခ မပေးဆောင်ရသေးသည့် ကောက်ခံငွေများ ရှိပါသလား။
    - လစ်လပ်/စွန့်ပစ်ထားသော ပစ္စည်းဥစ္စာများကို စောင့်ကြည့်ခအတွက် မပေးဆောင်ရသေးသည့် ကောက်ခံငွေများ ရှိပါသလား။
    - မပေးဆောင်ရသေးသည့် utilities ကျသင့်ငွေများ ရှိပါသလား။
- Delinquent အကြွေးခွန်များ (လက်ရှိနှင့် ယခင်နှစ်များ)
- အခွန်ဘေလ်ကို မည်သည့် နေရာသို့ ပေးပို့နေသနည်း (ငွေပေးချေသူ ကိုယ်စားလှယ်၊ အိမ်ယာမြေ လိပ်စာ၊ အခွန်ပေး ဆောင်သူ)
- လုပ်ငန်းတစ်ခုနှင့် ၎င်း၏ ပစ္စည်းပစ္စယများကို ဝယ်ယူပါက၊ delinquent personal property taxes ရှိပါသလား။

## Utilities- ရေ၊ မြောင်းနှင့် အမှိုက် (UTILITIES: WATER, SEWER & GARBAGE) - Room 107-(269) 966.3366

Battle Creek မြို့တွင်းရှိ အိမ်ယာမြေထဲတွင် သုံးစွဲနေနိုင်သူများအတွက် ရေဆိုးပိုက် နှင့် မြောင်းဝန်ဆောင်မှု (water and sewer service) လည်ပတ်စေရန် အလို့ငှာ တစ်ခုတည်းသော ရေအရင်းအမြစ်လိုင်းကို စနစ်တကျ သွယ်တန်းထားပါသည်။ အိမ်ယာမြေတိုင်းသည် ရေဆိုးပိုက်နှင့် မြောင်းဝန်ဆောင်မှု ရေလိုင်းများနှင့် ချိတ်ဆက် ထားခြင်း မရှိပေ။ အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများ သန့်စင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှု (Refuse pick up) သည် အိမ်ယာမြေပေါ်တွင် နေထိုင်သူအားလုံးအတွက် လိုအပ်သော ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ပြည်နယ် ဥပဒေများနှင့် မြို့ပြဥပဒေများသည် ပေးဆောင်ရန် ပျက်ကွက်သော အသုံးအဆောင်အခ ကြေးငွေ (unpaid utilities) များကို အိမ်ယာမြေ ထိန်းသိမ်းပြင်ဆင်ခတွင် ထည့်သွင်း တွက်ချက်လျှက်ရှိသည်။

• အိမ်ယာမြေပိုင်ရှင်ဖြစ်စေ အိမ်ငှားဖြစ်စေ ဖောက်သည်များ အားလုံးသည် ဝန်ဆောင်မှုအတွက် လျှောက်လွှာကို ဖြည့် စွက်တင်သွင်းပြီး တရားဝင်စာရွက်စာတမ်းများကို တင်ပြရပါမည်။ ဥပစာ (အိမ်ယာမြေ) အား လက်ဝယ်ရယူခြင်း အတွက် (မြေငှား သို့မဟုတ် အိမ်ငှား စာချုပ် လုပ်ဆောင်မှု အပြည့်အစုံ) နှင့် ဓာတ်ပုံ သက်သေခံ ကတ်ပြား။ ၎င်းကို utility Billing Office (အခန်း 107) တွင် လူကိုယ်တိုင် ပြုလုပ်ရပါမည်။

- အိမ်ယာမြေအတွက် မည်သည့်ဝန်ဆောင်မှုများကို ပေးထားကြောင်း အတည်ပြုပါ။
- လက်ရှိတွင် ရေလိုင်း ပိတ်နေခြင်း ရှိမရှိ စစ်ဆေးပါ။
- ကျသင့်ငွေများ ပေးဆောင်ရန်အတွက် အသက်ဝင်သော၊ အသုံးပြုနေသော အကောင့်ရှိမရှိ အတည်ပြုပါ။
- အိမ်ယာမြေတွင် ပေးဆောင်ရန်ကျန်ရှိနေသည့် ကောက်ခံငွေ (ရေဆိုးပိုက် နှင့် မြောင်းဝန်ဆောင်မှု၊ အမှိုက်သရိုက် သိမ်းဆည်းခ) ရှိနိုင်ချေ ရှိမရှိ စစ်ဆေးပါ။
- ငှားရမ်း နေထိုင်မည့် နေရာ ဖြစ်မည်လား။ ဖြစ်မည်ဆိုပါက -

  အိမ်ပိုင်ရှင်နှင့် အိမ်ငှားအကြားတွင် အိမ်ရှင်မှ တရားဝင် လက်မှတ် ရေးထိုးထားသည့် အိမ်ငှားစာချုပ် ရှိကြောင်း သေချာပါစေ။ တိကျသေချာသော တရားဝင်စာရွက်စာတမ်းများသည် corporation or LLC သို့ မဖြစ်မနေ တင်ပြရပါမည် - ဤအကြောင်းအရာများကို မေးပါ။ သင့်လျော်သော ငှားရမ်းမှု မှတ်ပုံတင်ခြင်းနှင့် ခွင့်ပြုခြင်းအတွက် Code Compliance ကိုကြည့်ပါ။
- မြို့တော်မှ အမှိုက်ကောက်ခံမှုစရိတ်ကို သက်ကြီးရွယ်အိုများ သို့မဟုတ် မသန်စွမ်းသူများ အတွက်သာ လျှော့ပေါ့ကောက်ခံမှု ပြုလုပ်ပေးနိုင်သည်။ ထိုအခွင့်အရေးကို ရယူနိုင်စေရန် အတွက် လိုအပ်သည့် အချက်အလက်များကို စုံစမ်း မေးမြန်းပါ။